**ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**ညွှန်ကြားချက် (၃/၂၀၁၆)**

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်တို့အတွက်**

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးညွှန်ကြားချက်**

**၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်**

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ အခန်း (၁၃) ပုဒ်မ ၇၁(ခ) အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့်ကောင်တာဈေးကွက်တို့လိုက်နာရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ဤညွှန်ကြားချက်ကိုထုတ်ပြန်လိုက်သည်။

၁။ ဤညွှန်ကြားချက်ကို ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ (၂၅)အရ လုပ်ငန်းလိုင်စင်ရရှိထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ဥပဒေ ပုဒ်မ ၈(က)အရ တည်ထောင်ထားသည့် စတော့အိပ်ချိန်းနှင့် ပုဒ်မ (၄၄)အရ ဖွဲ့စည်းထူထောင်ထားသည့်ကောင်တာဈေးကွက်တို့ လိုက်နာရန်ဖြစ်သည်။

၂။ ဤညွှန်ကြားချက်၏ရည်ရွယ်ချက်မှာ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆောင်ရွက်ချက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ တရားမဝင်လူပုဂ္ဂိုလ်များ၊ တရားမဝင်ကုမ္ပဏီများ အရောင်းအဝယ်ပြုလုပ်ခြင်းအားတားမြစ်ရန်နှင့် တရားမဝင်ဆောင်ရွက်ချက်များနှင့်ဆက်နွယ်သည့်ကုမ္ပဏီများမှ ရန်ကုန်စတော့အိပ်ချိန်း၌ စာရင်းဝင်ခြင်းကို တားမြစ်ရန်ဖြစ်သည်။

**ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ခြင်း**

၃။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရာတွင် ငွေကြေးခဝါချမှုအား ကြိုတင်ကာကွယ်နိုင်မည့် အဆင့် ၂ ဆင့်သတ်မှတ်ထားပါသည်။ ပထမအဆင့်မှာ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ခြင်းလုပ်ငန်းစဉ်နှင့် ဒုတိယအဆင့်မှာ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ အမှာစာပြုလုပ်သည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ ထို့ကြောင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် လုပ်ငန်းစဉ်အဆင့်တိုင်းအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးစီစဉ်ဆောင်ရွက်မှုများကို ထားရှိရမည်။

၄။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် အရောင်းအဝယ်ဆောင်ရွက်မည့် စာရင်းပိုင်ရှင်အား ငွေကြေးခဝါချသည့်ကိစ္စနှင့်သံသယဖြစ်ဖွယ်ရှိလျှင် ထိုသံသယဖြစ်ဖွယ်ကိစ္စကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ အချိန်မီသတင်းပို့ရမည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ငွေကြေးခဝါချသည့် အရောင်းအဝယ်ပြုလုပ်ခြင်းဟု ၎င်းတို့မှစစ်ဆေးတွေ့ရှိပြီးသိရှိပါက ထိုအရောင်းအဝယ်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရမည်။

၅။ ငွေကြေးခဝါချ အရောင်းအဝယ်ပြုလုပ်ခြင်းဟု သံသယဖြစ်ဖွယ်ရှိသည့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ စစ်ဆေးမှုအရ အမည်မည်းစာရင်းဝင် လူပုဂ္ဂိုလ်များ သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသည့် လူပုဂ္ဂိုလ်များက ရောင်းဝယ်မှုဆောင်ရွက်ခြင်း၊

(ခ) မြန်မာကျပ်ငွေ ၁၀ သန်း အထက်ရှိသည့် ရောင်းဝယ်မှုဆောင်ရွက်ခြင်း၊

(ဂ) ရောင်းဝယ်ဆောင်ရွက်မှုသည် မြန်မာကျပ်ငွေ ၁၀ သန်း အောက်လျော့နည်းသော်လည်း လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ မှတ်တမ်းအရ ပုံမှန်ရောင်းဝယ်မှုထက်များပြားသည့်ငွေပမာဏဖြင့် ရောင်းဝယ်မှုဆောင်ရွက်ခြင်း၊

(ဃ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ ငွေလက်ခံရန် တွန်းအားပေးသည့် လူပုဂ္ဂိုလ်များမှ ရောင်းဝယ်မှုဆောင်ရွက်ခြင်း။

၆။ အထက်ဖော်ပြပါ သတ်မှတ်ချက်များအပြင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတိုင်းသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များအတွက် ၎င်းတို့၏ ကိုယ်ပိုင်သတ်မှတ်ချက်များကို ထားရှိရမည်။

**အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်း/စာရင်းဝင်ခြင်း**

၇။ အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်း သို့မဟုတ် စာရင်းဝင်သည့်ကိစ္စရပ်များတွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် စာရင်းဝင်ဖြစ်လာမည့် သို့မဟုတ် အစုရှယ်ယာများကို အများပြည်သူသို့ကမ်းလှမ်းရောင်းချရန်ရည်ရွယ်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအား လျော်ကန်သောစစ်ဆေးတာဝန်ခံမှု (due diligence) ပြုလုပ်ရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများကိုပါ ထည့်သွင်းဖော်ပြရမည်။ သို့ဖြစ်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် အများပြည်သူသို့ကမ်းလှမ်းရောင်းချခြင်း သို့မဟုတ် စာရင်းဝင်သည့်ကိစ္စရပ်များတွင် အကြံပေးလုပ်ငန်းများအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များကို ပိုမိုပြည့်စုံအောင်ဆောင်ရွက်ရမည်။

၈။ ထို့အပြင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်တို့သည် ၎င်းတို့၏ စာရင်းဝင်စစ်ဆေးမှုလုပ်ငန်းစဉ်တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များကို သတ်မှတ်ကျင့်သုံးရမည်။

**စီမံအုပ်ချုပ်မှု**

၉။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊စတော့အိပ်ချိန်းနှင့်ကောင်တာဈေးကွက်တို့သည် ဤညွှန်ကြားချက်ကိုအခြေခံ၍ ဌာနတွင်းစာရင်းစစ်ကဲ့သို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအတွက် ဌာန၏စီမံအုပ်ချုပ်မှုထားရှိရမည်။

၁၀။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့်ကောင်တာဈေးကွက်တို့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များကိုကြီးကြပ်နိုင်ရန် အဆင့်မြင့်အုပ်ချုပ်မှုအဆင့်ရှိ စည်းမျဉ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးအရာရှိတစ်ဦးအား ခန့်အပ်ရမည်။

၁၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့်ကောင်တာဈေးကွက်တို့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများအား ပြည့်စုံလုံလောက်သည့် အသိပညာပေးခြင်းနှင့် သင်တန်းပို့ချခြင်းများ ပြုလုပ်ရမည်။

(ဒေါက်တာမောင်မောင်သိမ်း)

ဥက္ကဋ္ဌ